**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်အမှတ် (၁/၂၀၂၁)**

**မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်**

**၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်**

၁။ အကြမ်းဖက်စစ်ကောင်စီက ပြည်သူရွေးကောက်တင်မြှောက်ထားသော တရားဝင်အစိုးရထံမှ မတရား အာဏာသိမ်းကာ နိုင်ငံကို အုပ်ချုပ်ရန်ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ နိုင်ငံ၏စီးပွားရေးမှာ ဆိုးဆိုးရွားရွား ထိခိုက်ကျဆင်းခဲ့ပြီး ၎င်းတို့၏ လွန်စွာညံ့ဖျင်းသော စီမံခန့်ခွဲမှုနှင့် ရက်စက်မှု တို့ကြောင့် နိုင်ငံအတွင်း၌ Covid-19 ကပ်ရောဂါကူးစက်သေဆုံးမှုများပြန်လည်မြင့်တက်လာပြီး အလုပ်ရှင်၊အလုပ်သမားများအပါအဝင် ပြည်သူအားလုံး၏ စီးပွားရေး၊ လူမှုရေးနှင့်ကျန်းမာရေးအခြေအနေ အလွန် ကြပ်တည်းနေသောကာလဖြစ်၍ အလုပ်ရှင်၊ အလုပ်သမားထုအပေါ် ကျရောက်လျက်ရှိသော ဝန်ထုပ်ဝန်ပိုးတစ်ခုကို လျှော့ချရန်နှင့် လူမှုဖူလုံရေးထည့်ဝင်ကြေးများကို အကြမ်းဖက်စစ်ကောင်စီက အလွဲသုံးစားမှုပြုခြင်းကို တားဆီးရန်အတွက် ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၁၀၀ အရ အောက်ပါအမိန့်ကို အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ထုတ်ပြန်လိုက်သည်-

(က) အလုပ်ရှင်၊အလုပ်သမားများအနေဖြင့် ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေ ၁၅/၂၀၁၂) အရ ၂၀၂၁ခုနှစ်၊ ဩဂုတ်လမှစ၍ ပေးသွင်းရမည့် ထည့်ဝင်ကြေးများနှင့် ပျက်ကွက်ကြေးများကို နောက်ထပ်ညွှန်ကြားချက် တစ်စုံတစ်ရာမရရှိမီ အချိန်အထိ ကင်းလွတ်ခွင့်ပြုလိုက်သည်။ လူမှုဖူလုံရေး ထည့်ဝင်ကြေးများကို ကင်းလွတ်ခွင့်ပြုလိုက်သော်လည်း လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ ခံစားခွင့်ရှိပါသည်။

(ခ) အပိုဒ်ခွဲ(က)ပါအတိုင်း ကင်းလွတ်ခွင့် ပြုထားသည့် ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများထံမှ ကင်းလွတ်ခွင့် ပြုထားသည့် ထည့်ဝင်ကြေးများ၊ ပျက်ကွက်ကြေးများကိုတောင်းခံခြင်း၊ လက်ခံရယူခြင်း၊ ရရှိအောင်ကြိုးပမ်း ဆောင်ရွက်ခြင်းများကို လုံးဝ ရပ်ဆိုင်း ထားရမည်။

(ဂ) အလုပ်ရှင်များကလည်း ကင်းလွတ်ခွင့်ပြုထားသည့် ထည့်ဝင်ကြေးများ၊ ပျက်ကွက်ကြေးများကို အလုပ်သမားများထံမှ တောင်းခံခြင်း၊ လက်ခံရယူခြင်း၊ ရရှိအောင်ကြိုးပမ်းဆောင်ရွက်ခြင်းများကို ရပ်ဆိုင်းထားရမည်။

၂။ ယခု အမိန့်စာပါ ညွှန်ကြားချက်များအား လိုက်နာရန်ပျက်ကွက်သူသည် အမျိုးသားညီညွတ်ရေးအစိုးရ အာဏာပြန်လည်သက်ဝင်ချိန်တွင် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

**နိုင်သုဝဏ္ဏ**

**ပြည်ထောင်စုဝန်ကြီး**

**အလုပ်သမားဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စာအမှတ်၊** ၇/၁-စီမံ/၂၀၂၁(၀၀၁)

**ရက်စွဲ၊** ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

**ဖြန့်ဝေခြင်း**

**နိုင်ငံတော်သမ္မတရုံး**

**ဝန်ကြီးချုပ်ရုံး**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး